# နေပြည်တော်အငြိမ်းစားဝန်ထမ်းအိမ်ရာ၊ တိုက်ခန်းဝယ်ယူလိုသူများ လျှောက်ထားနိုင်ခြင်း

၁။ အငြိမ်းစားဝန်ထမ်းအိမ်ရာများ တည်ဆောက်ရေးဦးစီးကော်မတီ၏ ကြီးကြပ်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ ပျဉ်းမနား-တောင်ညိုလမ်းဘေး မြေဧရိယာ (၇၀)ဧကပေါ်တွင် (၄)ခန်းတွဲ (၄)ထပ်၊ အခန်း (၁)ခန်းလျှင် အိပ်ခန်း (၂)ခန်းပါ (၆၅၀) စတုရန်းပေရှိ အခန်းပေါင်း (၁၀၀၀)ခန်း တည်ဆောက်မည်ဖြစ်ပါ၍ အငြိမ်းစားယူပြီး အရာထမ်း၊ အမှုထမ်းဝန်ထမ်းများအနက် ပူးတွဲပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို ရောင်းချပေးသွားမည် ဖြစ်ပါသည်။

၂။ အငြိမ်းစားဝန်ထမ်းအိမ်ရာ လျှောက်ထားလိုသူများသည် ပူးတွဲ(က)နှင့်(ခ)ပါ လျှောက်လွှာပုံစံများတွင် ဖြည့်စွက်၍ အငြိမ်းစားဝန်ထမ်းအိမ်ရာများ စိစစ်နေရာချထားရေးဆပ်ကော်မတီ၊ မြို့တော်ခန်းမ၊ နေပြည်တော်သို့ လိပ်မူ၍ (၃၀-၆-၂၀၂၀)ရက်နေ့ နောက်ဆုံးထားပေးပို့ပါရန်နှင့် အငြိမ်းစားဝန်ထမ်းအိမ်ရာတိုက်ခန်းများကို ဘဏ်ချေးငွေဖြင့် ဝယ်ယူလိုသူများအနေဖြင့် နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက်နှင့် ချိတ်ဆက်၍ တိုက်ခန်းချေးငွေရယူနိုင်ရေး ပူးတွဲပါအတိုင်း ဆောင်ရွက်နိုင်ပါသည်။

၃။ အငြိမ်းစားဝန်ထမ်းအိမ်ရာများ စိစစ်နေရာချထားရေးဆပ်ကော်မတီသို့ ပေးပို့လာသည့်အမည်စာရင်းများကို အငြိမ်းစားဝန်ထမ်းအိမ်ရာများ တည်ဆောက်ရေးဦးစီးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး နေထိုင်ခွင့်ရရှိသူများစာရင်းများအား ထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါသည်။

(အငြိမ်းစားဝန်ထမ်းအိမ်ရာများ စိစစ်နေရာချထားရေးဆပ်ကော်မတီ)

## နေပြည်တော်ကောင်စီနယ်မြေတွင် တည်ဆောက်မည့်
## အငြိမ်းစားဝန်ထမ်းအိမ်ရာ ဝယ်ယူရန် လျှောက်ထားသူများအတွက်
## သတ်မှတ်ချက်များ

(က) ၂၀၁၉ ခုနှစ်အထိ အငြိမ်းစားယူပြီး အရာထမ်း၊ အမှုထမ်းများနှင့် ၂၀၂၀ ပြည့်နှစ်အတွင်း အငြိမ်းစားယူမည့် အရာထမ်း၊ အမှုထမ်းများအားလုံး လျှောက်ထားနိုင်သည်။

(ခ) အငြိမ်းစားဝန်ထမ်းတစ်ဦးလျှင် တိုက်ခန်း (၁)ခန်းသာ ဝယ်ယူခွင့်ရှိသည်။

(ဂ) အငြိမ်းစားယူထားသည့် အထောက်အထားတစ်ခုခု မိတ္တူတင်ပြရမည်။

(ဃ) တိုက်ခန်းဈေးနှုန်းများ

(၁) မြေညီထပ် ။ (၂၅၀)ကျပ်သိန်း ။

(၂) ပထမထပ် ။ (၂၄၀)ကျပ်သိန်း ။

(၃) ဒုတိယထပ် ။ (၂၃၀)ကျပ်သိန်း ။

(၄) တတိယထပ် ။ (၂၂၀)ကျပ်သိန်း ။

(င) လက်ငင်းအကြေစနစ်ဖြင့် ဝယ်ယူလိုသူများသည် ကိုယ်တိုင်လာရောက်ပြီး မှတ်ပုံတင်မူရင်း နှင့်အတူ မှတ်ပုံတင်မိတ္တူ၊ ထင်ရှားမြင်သာသော ပုံစံ(ဖ)မိတ္တူ တစ်ပါတည်းယူဆောင်လာရန် နှင့် ဘဏ္ဍာရေးဆပ်ကော်မတီသို့ အခန်းတန်ဘိုးငွေကို တစ်လအတွင်း အကြေပေးသွင်းရမည်။

(စ) ဘဏ်ချေးငွေစနစ်ဖြင့် ဝယ်ယူလိုပါက နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ ချေးငွေရယူကာ ဝယ်ယူနိုင်ပြီး ငွေပေးသွင်းရမည့်စနစ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) တိုက်ခန်းဝယ်ယူသူမှ တိုက်ခန်းတန်ဖိုး၏ (၃၀%)ကို ချက်ချင်းပေးသွင်းရမည်၊

(၂) ကျန် (၇၀%)ကို (၁)နှစ်လျှင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသည့်အတိုးနှုန်း အတိုင်း (၃)နှစ်/(၅)နှစ်/(၁၀)နှစ်အတွင်း လစဉ်အရင်းနှင့်အတိုး ပေးသွင်းရမည်။

(ဆ) ပေးသွင်းထားသော တိုက်ခန်းတန်ဖိုးကို မည်သည့်အကြောင်းနှင့်မျှ ပြန်လည်ထုတ်ပေးခြင်း မပြုပါ။

(ဇ) တိုက်ခန်းတန်ဖိုးအား အကြေပေးသွင်းပြီးမှသာ ထပ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ငှါးရမ်းခြင်းတို့ကို ခွင့်ပြုမည် ဖြစ်ပါသည်။

(ဈ) တိုက်ခန်းဝယ်ယူ နေထိုင်ခွင့်ရရှိသူသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ သတ်မှတ် စည်းကမ်းများအတိုင်း လိုက်နာရမည်။

(ည) Online မှတစ်ဆင့် လျှောက်ထားလိုပါက admhousing.nptdc@gmail.com သို့ ပေးပို့ လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ-**

(၁) အငြိမ်းစားဝန်ထမ်းအိမ်ရာများ စိစစ်နေရာချထားရေးဆပ်ကော်မတီ
(၀၆၇-၄၁၄၆၁၇)

(၂) ဘဏ်ချေးငွေဖြင့် ဝယ်ယူလိုပါက နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်
(၀၆၇-၄၂၂၅၈၁)

ပူးတွဲ (က)

သို့

အငြိမ်းစားဝန်ထမ်းအိမ်ရာများ စိစစ်နေရာချထားရေးဆပ်ကော်မတီ

မြို့တော်ခန်းမ

နေပြည်တော်

ရက်စွဲ၊ ၂၀ ပြည့်နှစ်၊ လ၊ ရက်

အကြောင်းအရာ။ **တိုက်ခန်း (၁)ခန်း ဝယ်ယူခွင့်ပြုပါရန် လျှောက်ထားခြင်း**

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ ပျဉ်းမနား-တောင်ညိုလမ်းဘေး၊ မြေဧရိယာ (၇၀)ဧကပေါ်တွင် တည်ရှိသော အငြိမ်းစားဝန်ထမ်းအိမ်ရာရှိ (၄)ခန်းတွဲ (၄)ထပ်အဆောက်အဦ (                    )ထပ် တိုက်ခန်း (၁)ခန်းအား သတ်မှတ်စည်းကမ်းများနှင့်အညီ ဝယ်ယူခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

လက်မှတ် ------------------------------

အမည် ------------------------------

မှတ်ပုံတင်အမှတ် ------------------------------

နေရပ်လိပ်စာ ------------------------------

ဖုန်းနံပါတ် ------------------------------

ပူးတွဲ (ခ)

# နေပြည်တော်ကောင်စီနယ်မြေတွင် တည်ဆောက်မည့် အငှားစားဝန်ထမ်းအိမ်ရာ ဝယ်ယူရန် လျှောက်လွှာပုံစံ

၁။ လျှောက်ထားသူအမည် ------------------------------------

၂။ နိုင်ငံသားစိစစ်ရေးအမှတ် ------------------------------------

၃။ အဘအမည် ------------------------------------

၄။ အငှားစားယူခဲ့သည့်ရာထူး ------------------------------------

၅။ အငှားစားယူခဲ့သည့်ဌာန ------------------------------------

၆။ အငှားစားလစာ ------------------------------------

၇။ ဇနီး/ခင်ပွန်းအမည် ------------------------------------

၈။ ဇနီး/ခင်ပွန်း၏ နိုင်ငံသားစိစစ်ရေးအမှတ် ------------------------------------

၉။ လျှောက်ထားလိုသည့်အခန်း

(က) မြေညီထပ်ဈေးနှုန်း (၂၅၀)ကျပ်သိန်း ------------------------------------

(ခ) ပထမထပ်ဈေးနှုန်း (၂၄၀)ကျပ်သိန်း ------------------------------------

(ဂ) ဒုတိယထပ်ဈေးနှုန်း (၂၃၀)ကျပ်သိန်း ------------------------------------

(ဃ) တတိယထပ်ဈေးနှုန်း (၂၂၀)ကျပ်သိန်း ------------------------------------

၁၀။ ငွေပေးချေလိုသည့်စနစ်

(က) လက်ငင်းအကြေစနစ် ------------------------------------

(ခ) ဘဏ်ချေးငွေစနစ် ------------------------------------

(၃)နှစ်/(၅)နှစ်/(၁၀)နှစ်

၁၁။ လက်ရှိနေထိုင်သည့် နေရပ်လိပ်စာ ------------------------------------

------------------------------------

------------------------------------

၁၂။ ဆက်သွယ်ရန်ဖုန်းနံပါတ် ------------------------------------

လျှောက်ထားသူလက်မှတ်

ဦး/ဒေါ်-----------------------